# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊

## COVID - 19 ကာကွယ်ဆေးများထပ်မံရောက်ရှိမှုနှင့် လက်ခံမှုထားရှိမှုအခြေအနေ

နေပြည်တော်၊ ဖေဖော်ဝါရီ (၁၁)၊ ၂၀၂၁

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ Serum Institute of India (SII) နှင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD/ Astrazeneca ကာကွယ်ဆေး အကြိမ်အရေအတွက် (၂)သန်းအား ၁၁-၂-၂၀၂၁ ရက်နေ့၊ နေ့လည်ပိုင်းတွင် နယူးဒေလီ-ရန်ကုန်ပြေးဆွဲသည့် အိန္ဒိယလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပါသည်။

အဆိုပါကာကွယ်ဆေးများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ ဆေးသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူတို့ ဦးဆောင်သောအဖွဲ့မှ သွား ရောက်လက်ခံခဲ့ပါသည်။ အဆိုပါကာကွယ်ဆေးများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကစီစဉ်ထားသည့်အတိုင်း ကျေးလက်နေပြည်သူများအပါအဝင် မိဘပြည်သူများအား ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။




COVISHIELD/ Astrazeneca ကာကွယ်ဆေး အကြိမ်အရေအတွက်(၂)သန်းအား ရန်ကုန်တိုင်းဒေသ ကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးဒေါက်တာထွန်းမြင့်၊ ဆေးသုတေသနဦးစီး ဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူတို့ ဦးဆောင်သောအဖွဲ့မှသွားရောက်လက်ခံခဲ့ပုံ (၁၁-၂-၂၀၂၁)




COVISHIELD/ Astrazeneca ကာကွယ်ဆေး အကြိမ်အရေအတွက်(၂)သန်း၊ အိန္ဒိယလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပုံ (၁၁.၂.၂၀၂၁)